ဉာဏ်ဝင်းစာပေ



# နေနော်

## နှင်းရိုင်းခတဲ့ည

# နှင်းရိုင်းခတဲ့ည

## (ပြကွက်-၁)

ကွင်းပြင်ကျယ်ကိုဖြတ်သန်းလာကြသော လေတို့က မွှေးမြနူးညံ့နေကြ၏ ။

အဝေးပြေးကားလမ်းမတစ်နေရာ၌ ရပ်ထားသော ကားလှလှလေးတစ်စီးက သခင်အမိန့်ကို စောင့်ဆိုင်းနေသော မြင်းလိမ္မာလေးတစ်ကောင်ပမာ အိန္ဒြေရရ ငြိမ်သက်လို့။

တစ်ချက်တစ်ချက် ဖြတ်သန်းသွားကြသည့် ကားများ ပေါ်မှ ခရီးသည်တချို့ ကတော့ ရပ်ထား သော ကားလှလှလေးထက် ထိုကားဘေးမှ လူလှလှလေးနှစ် ယောက် ကို ပိုမိုစိတ်ဝင်တစား ကြည့်ရှု သွားကြသည်။

ကောင်လေးက ချောသလို ကောင်မလေးကလည်း လှပါသည်။ သို့ သော် မလှသည်က ၎င်းတို့ နှစ် ယောက် ၏ အခြေအနေ ဖြစ်သည်။

'မောင် နဒီ့ကို ညာတယ်'

သံမဏိဓားသွားတစ်လက်လို ထက်မြက်စူးလက်သော အကြည့်နှင့် လှမ်းကြည့်ရင်း ကောင်မ လေးက ကောင်လေးကို ပြောလိုက်ခြင်း ဖြစ်သည်။

ကောင်လေးက ၎င်း၏ ဘယ်ဘက်ပါးကို ပွတ်သပ်လျက် အတန်ကြာအောင် ငြိမ်သက်အေးစက် နေပြီးမှ ကောင်မလေးကို တုံ့ပြန်လိုက်သည်။

'ကိုယ်မင်းကို မညာပါဘူး နဒီ၊ ဘယ်တုန်းကမှလည်း မလိမ်ခဲ့ဘူး။ ဒါပေမယ့် ကိုယ့်မှာ အပြစ် မရှိဘူးလို့တော့ မျက်စိစုံမှိတ်ပြီး မငြင်းပါဘူး။ ကိုယ့်မှာ အပြစ်ရှိတယ်။ အဲဒီအပြစ် ကတော့ သလင်းဖြူအကြောင်း မင်းကို ကြိုအသိမပေးခဲ့မိတဲ့အ ဖြစ်ပဲ၊ ဒါကလည်း အသိပေးဖို့ အချိန်မတန်သေးဘူးထင်လို့ နဒီ့ကိုပြောမပြောမိတာ'

'အချိန်မတန်သေးဘူးထင်လို့ ဟုတ်လား မောင်'

'ဟုတ်တယ်။ ဖွင့်ပြောဖို့ အချိန်မတန်သေးဘူးလို့ ကိုယ်ယူဆခဲ့မိတယ်။ ကဲ ခု ကိုယ့်အပြစ်ကို ဝန်ခံနေပြီပဲ နဒီ၊ မင်းကိုယ့်ကို ကြိုက်သလို အပြစ်ပေးပါ။ ကိုယ့်ကို ချစ်သူအဖြစ်က ရပ်စဲပြီး မုန်းချင်ရင် လည်း မုန်းလိုက်ပါ။ မင်းပေးတဲ့အပြစ်ဒဏ်ကို ကျေကျေနပ်နပ် ခံယူမှာ ပါ'

စကားဆုံးသည်နှင့် ကောင်လေးက သက်ပြင်းတစ်ချက်ကိုမှု တ်ထုတ်လိုက်ပြီး ကောင်မလေးက တော့ ပင့်သက်တစ်ချက်ကို ရှိုက်သွင်းလိုက်ပါသည်။

ထို့နောက် စူးရှသော ဝင်းလက်သော အကြည့်တို့က ကောင်လေးမျက်နှာပေါ်သို့ တည့်တည့် မတ်မတ်ကြီး ကျရောက်လာသည်။

ကောင်လေး ကတော့ ကောင်မလေးပေးသမျှ အပြစ်ဒဏ်ကိုခံယူရန် အသင့်ပြင်ဆင်ထားပြီး ဖြစ်၏ ။

သို့ သော် သူမျှော်လင့်ထားသလို ကောင်မလေး၏ လက်ကို သူ့ပါးပြင်သို့ ကျရောက်မလာဘဲ လည်ကုတ်သားပေါ်သို့ နူးညံ့စွာ လှမ်းတင်လာသဖြင့် ကောင်လေး အံ့သြသွားလေသည်။

အံ့သြနေသော ကောင်လေးဦးခေါင်းကို သူမဘက်သို့ အသာအယာဆွဲယူကာ ကောင်လေး၏ နဖူးသားကောင်မလေးက နမ်းရှိုက်လိုက်သည်။

ထို့နောက် ကောင်လေး၏ ပခုံးနှစ် ဖက်ပေါ်သို့ သူမ၏ လက်အစုံက တင်ထားလျက် ကောင်မ လေးကပြောလိုက်သည်။

'နဒီမောင့်ကို ဘယ်တော့မှ မမုန်းဘူး မောင်၊ နဒီမောင့်ကို သိပ်ချစ်တယ်။ အဆုံးရှုံးမခံရဲ လောက်အောင်ချစ်တယ်။ ဒါကြောင့် မောင့်ကို လက်ထပ်ယူဖို့ နဒီဆုံးဖြတ်လိုက်ပြီ'

ဒီတစ်ခါ ပင့်သက်ရှိုက်လိုက်သူ ကတော့ ကောင်မလေးမဟုတ်။

ကောင်လေးပဲ ဖြစ်လေသည်။

♥ ♥ ♥

# နှင်းရိုင်းခတဲ့ ည (၁)

## (နေညိုအောင်)

## (၁)

'ညိုဟဲ့ ညို'

ခေါ်သံကြောင့် သူလှည့်ကြည့်လိုက်တော့ ဆိုင်ရှေ့၌ မိန်းမစီးစက်ဘီးကလေးကို ဒေါက် ထောက်ကာ ဆိုင်ထဲသို့ လှမ်းဝင်လာသော သလင်းဖြူကို တွေ့လိုက်ရသည်။

'သူများ တွေ ဆယ်တန်းအောင်စာရင်းကြည့်ဖို့ ရုပ်စုရုပ်စု ဖြစ်နေကြတာ၊ နင်က ဒီမှာ တစ် ယောက် ထဲ ဘာထိုင်လုပ်နေတာလဲ'

မေးခွန်းနှင့် အတူ အနားရောက်လာသော သလင်းဖြူအား စားပွဲပေါ်မှ လက်ဖက်ရည်ခွက်ကို ညွှန်ပြရင်း သူပြန်ပြောလိုက်သည်။

'လက်ဖက်ရည် သောက်နေတာလေ'

'နင် အောင်စာရင်း သွားမကြည့်ဘူးလား'

'ကြည့်စရာမလိုပါဘူးဟာ'

'အေးပေ့ါလေ၊ နင်က သေချာပေါက်အောင်မယ့်လူဆိုတော့ ပြောအားရှိတာပေ့ါ'

နှုတ်ခမ်းကိုမဲ့ကာရွဲ့ကာ ပြောလာသော သလင်းဖြူ၏ အမူအရာကြောင့် သူပြုံး လိုက်မိသည်။

'ငါက အောင်မယ်၊ မအောင်ဘူး သေချာလို့ သွားမကြည့်တာမဟုတ်ဘူး သလင်းဖြူ၊ ဇော်ဝင်းနဲ့ တင်သိန်းအောင်စာရင်းကြည့်ဖို့ ထွက်သွားကြပြီ။ သူတို့ကြည့်ပြီးရင် နင်နဲ့ငါ့အတွက်ပါ မဟုတ်ဘူး။ တစ်တန်းလုံးလယ်သူအောင်တယ်၊ ဘယ်သူကျတယ်၊

ဘယ်သူက ဂုဏ်ထူးဘယ်နှစ် လုံးပါတယ်ဆိုပြီး အကုန်ကြည့်လာမှာ ။ ဒါကြောင့် အောင်စာရင်းကြည့်ဖို့ ဈေးတစ်လုံးလုံးနဲ့ သွားမတိုးတော့ဘဲ သူတို့ပြန် အလာကို ဒီဆိုင်ကနေ ထိုင်စောင့်နေတာ'

ဇော်ဝင်းသိန်းနှင့် တင်သိန်းက သတင်းဦးသတင်းထူး စုံစမ်းရာ၌ ဂျာနယ်သတင်းထောက်များ ဆလန်လရလောက်အောင် တိကျသေချာသလို ထိုသတင်းအား ကြော်ငြာမောင်းခတ်ရာ၌ လည်း အလွန်လျင်မြန်သူများ ဖြစ်၏ ။

'ဒါတော့ ဒါပေါ့ညီရာ၊ ဒါပေမယ့် ကိုယ့်မျက်စိနဲ့ မြင်တော့ ပိုမကောင်းဘူးလား'

'ကိုယ့်မျက်စိနဲ့ပဲ မြင်မြင်၊ သူများ မျက်စိနဲ့ပဲကြည့်ကြည့်။ အဖြေက တစ်ခုတည်းပါဟာ၊ အောင် ရင်အောင် မအောင်ရင်ကျမယ် ဒါပဲပေါ့။ နင်လည်း အပင်ပန်းခံပြီး သွားကြည့်မနေနဲ့၊ တော် ကြာဆို ဟို ကောင်နှစ် ကောင် ပြန်ရောက်လာလိမ့်မယ်'

'ဘာပဲ ဖြစ် ဖြစ် ငါ ကတော့ ငါ့မျက်စိနဲ့တွေ ့မှ ယုံချင်တာ ညို၊ ကြားစကားကြားရုံနဲ့တော့ လက်မခံ ချင်ဘူး။ နင် မလိုက်ချင်လည်း နေခဲ့ဟာ၊ ငါ့ဘာသာသွားကြည့်မယ်'

'သဘောပဲ၊ ဒါပေမယ့် ဟိုမှာ က လူတွေ အရမ်းများ တယ်ဟ။ ပြီးတော့ တိုးဝှေ့ပြီး ကြည့်ရမှာ ဆို တော့'

'ဘာ ဖြစ်လဲ'

'နင့် လုံချည်ကို ခိုင်ခိုင်ဝတ်သွား'

'ခွေးစုတ်'

သလင်းဖြူက ရှက်စနိုးဖြင့် ခပ်တိုးတိုးဆဲကာ လက်ဖက်ရည်ဆိုင်ထဲမှ ပြန်ထွက်သွားလေသည်။

သူ ကတော့ စီးကရက်ဖွာလိုက်၊ လက်ဖက်ရည်ဆိုင်ထဲမှ ပြန်ထွက်သွားလေသည်။

သူ ကတော့ စီးကရက်ဖွာလိုက်၊ လက်ဖက်ရည်သောက်လိုက်နှင့် ကျန်ရစ်ခဲ့၏ ။

နာရီဝက်ခန့်ကြာတော့ ဇော်ဝင်း။ တင်သိန်းအပြင် မိုးမိုးနှင့် သလင်းဖြူပါ ပြန်လည်ရောက်ရှိလာ ကြလေသည်။

'အခြေအနေ ဘယ်လိုလဲ ဇော်ဝင်း'

'ငါရော တင်သိန်းရော သလင်းဖြူနဲ့ မိုးမိုးရော လေးယောက် စလုံး အောင်တယ်'

ဇော်ဝင်းစကားကြောင့် သူ ထင့်ကနဲ ဖြစ်သွား၏ ။

'ငါ့ရော ဇော်ဝင်း'

'မင်း ကတော့...'

ဇော်ဝင်း သက်ပြင်းတစ်ချက်ချလိုက်သည်။

လေးယောက် စလုံး မျက်နှာသေလေးတွေ နှင့် မို့ သူ အနည်းငယ်ထိတ်လန့်စပြုလာသည်။ သလင်းဖြူက သူ့အားကြည့်၍

'ငါ နှင့်အတွက် စိတ်မကောင်းပါဘူး ညို'

'ဘာလဲ ဘာ ဖြစ်လို့လဲ၊ ငါ ကျပြီလား'

သလင်းဖြူက သက်ပြင်းတစ်ချက် ရှိုက်ပြန်သည်။

'ပြောလေဟာ၊ ငါ ဘာ ဖြစ်လို့လဲ'

'ငါတို့အားလုံး နှင့်အတွက် တကယ်စိတ်မကောင်းဘူးဟာ'

'ငါ စာမေးပွဲကျတယ်ပေါ့'

'မဟုတ်ဘူး။ နင် ဂုဏ်ထူးနှစ် ခုထဲပါလို့'

ဒီတော့မှ သူ့ရင်ထဲက အလုံးကြီးကျသွားပြီး သလင်းဖြူအား ခပ်တိုးတိုးလှမ်းဆဲလိုက်သည်။

‘ဝက်စုတ်မ’

‘မိညို့နော်၊ ငါက နင့်အတွက်လည်း အပင်ပန်းခံပြီး အောင်စာရင်းကြည့်လာပေးရသေးတယ်။ သူတော် ကောင်းကို မစော်ကားနဲ့’

‘စိတ်မဆိုးပါနဲ့ပ အုတ်ခဲဖြူရာ၊ ငါက နင့်ကို စတာပါ။ ကဲ နင်တို့ကြိုက်တာမှာ စားကြ၊ ငါ ကျွေး မယ်’

‘ရပါလိမ့်မယ် အားကြီးကြီး လက်ဖက်ရည်၊ မုန့်လောက်နဲ့တော့ မကျေနပ်နိုင်ပါဘူး။ နင်က ဂုဏ်ထူးနှစ် ဘာသာပါတယ်။ နင့်အဖေကလည်း ဒီလကုန်ရင် ရန်ကုန်ကို မြို့ နယ်တရားသူကြီးအဆင့်နဲ့ ပြောင်းရတော့မယ်။ အဲဒီ တော့ ဒန်ပေါက်လောက်တော့ ကျွေးသင့်တယ်’

‘တို့ ကတော့ ဒန်ပေါက်မစားဘူး နေညို’

‘ဘာ ဖြစ်လို့လဲ’

‘ဒန်ပေါက်နဲ့ ဘီယာနဲ့ပ မတည့်ဘူးလို့ ပြောသံကြားဖူးတယ်’

ဇော်ဝင်းက အသားလို၍ အရိုးလွှင့်ပစ်ခြင်း ဖြစ်သလို သူ့ကတိကို မမေ့အောင် သတိပေးလိုက် ခြင်းလည်း ဖြစ်သည်။

တကယ်တော့ သူတို့အားလုံး ဘီယာသောက်ဖူးသူများ မဟုတ်ၾက။ ဘယ်လိုသောက်ရမှန်း လည်း မသိ။ သို့ သော် ဆယ်တန်းအောင်လျှင် ဘီယာတစ်လုံးဝယ်ပြီး သူတို့ယောက်ျားလေးသုံး ယောက် မျှသောက်ကြမည် ဟု သူစကားစခဲ့ဖူး၏ ။

ပြီးတော့ ဆိုင်မှာ သောက်ကြမည် မဟုတ်။

ကြက်မေါးသော တင်သိန်းက သူ့အိမ်မှ ကြက်တစ်ကောင် အသက်ရှု ရပ်အောင်လုပ်ပြီး ဇော်ဝင်းတို့ခြံမှာ ညဘက် ကာလသားချက် ချက်စားရင်း သောက်ကြမှာ ဖြစ်သည်။

သူတို့အစီအစဥ်ကို ပြောပြတော့ သလင်းဖြူက နှာခေါင်းရှုံ့ပြီး မိုးမိုး ကတော့

စိတ်ဝင်တစား မေး ပါသည်။

'နင်တို့ ဘီယာသောက်ဖူးလို့လား'

'ဘယ်သောက်ဖူးမှာ လဲ၊ ခုမှ စသောက်ကြည့်မှာ '

တစ်ပုလင်းကို သုံးယောက် သောက်မှာ ဆိုတော့ မမူးဘူးလား'

'သိပ်တော့ မူးမယ်မထင်ပါဘူး။ တင်သိန်းဦးလေးဆိုရင် တစ်ယောက် ထဲ သုံးပုလင်းတောင် သောက်သေးတာပဲ'

'ဘီယာက ခါးမှာ ပဲနော်'

'မပြောတတ်ဘူး။ သိပ်ခါးရင်တော့ ရေရောသောက်ရမှာ ပဲ'

မိုးမိုးနှင့် အပြန်အလှန်ပြောနေစဉ် သလင်းဖြူက တစ်စခန်းထပြန်ပါသည်။

'နင်တို့က အဲဒါတော့ ဘယ်တရားမလဲဟ၊ ငါနဲ့မိုးမိုးကိုကျတော့ ဒန်ပေါက်တစ်ပွဲစီကျွေးပြီး နင်တို့ကျတော့ ဘီယာတွေ ၊ ကြက်သားကာလသားချက်တွေ ဘာတွေ နဲ့'

'အဲဒါဆိုလည်း နင်တို့ပါ ဘီယာသောက်ကြဟာ၊ ကြက်သားဟင်းလည်း စားပေါ့'

'နင့်ဘိုးအေ၊ မိန်းကလေးနဲ့ ဘီယာနဲ့ ဘာဆိုင်လို့လဲ၊ ပြီးတော့ ငါတို့က ညဘက်ကြီး ဘယ်လို လုပ်ပြီး အပြင်ထွက်လို့ရမှာ လဲ'

'အေးလေဟာ၊ အဲဒီ ဇော်ဝင်း အစုတ်ပလုပ်က ပြောလိုက်ရင် တလွဲကြီးပဲ။ ဒီလိုလုပ်ဟာ ငါနဲ့ သလင်းဖြူဆီကို ကြက်သားဟင်းတစ်ပွဲဆီ လာပို့ပေးကြ'

မိုးမိုးက ဇော်ဝင်းကို မျက်စောင်းခဲပြီး ဝင်ပြောလာခြင်း ဖြစ်သည်။

'ငါတို့က ညသန်းခေါင်မှ ချက်စားကြမှာ ဟ'

ကြက်ပိုင်ရှင် ဖြစ်သူ တင်သိန်းက လေပြေသွေးသော် လည်း မရွှေချောနှစ်ယောက် ကတော့ ဘယ်လိုမှ ဖျောင်းဖျလို့မရပါ။

‘အို သန်းခေါင်တွေ သန်းလွဲတွေ နားမလည်ဘူး။ နင်တို့လာမပို့မချင်း ငါတို့ ကတော့ မအိပ်ဘဲ စောင့်နေမှာ ပဲနော် သလင်းဖြူ’

‘အေး ဟုတ်တယ်။ စားဦးစားဖျား လာမပို့လို့ ကတော့ မနက်ဖြန်ကျရင် အသိပဲ။ ဘီယာသောက် တဲ့အကြောင်းကော၊ ကြက်ခိုးတဲ့အကြောင်းကော နင်တို့မိဘတွေ ဆီ လိုက်တိုင်မှာ ပဲ’

မတတ်သာတော့သဖြင့် သူတို့ဘက်မှ အလံဖြူပြကာ အလျှော့ပေးလိုက် ရပါသည်။

‘ကောင်းပြီလေ။ ဒါဆိုလည်း ည ဆယ့်တစ်နာရီ အရောက် လာပို့ပေးမယ်။ နင်တို့အိမ်ရှေ့ ရောက်ရင် လက်ခေါက်မှု တ်လိုက်မယ်။ မသထာရေစာ ကြက်သားဟင်းကို နင်တို့လာထွက်ယူကြ ပေါ့’

တင်သိန်းက မကျေမနပ်နှင့် ဆူဆောင့်ဆောင့် ပြောလိုက်တော့မှ သလင်းဖြူနှင့် မိုးမိုးက ‘အဲဒီ လိုလိမ္မာစမ်းပါဟာ’ဟု အနိုင်ပိုင်းစကားဖြင့် ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ပါသည်။

သူတို့ငါးယောက် က ရှစ်တန်းကတည်းက ပြောမနာဆိုမနာ သူငယ်ချင်းများ ဖြစ်သဖြင့် ယခုလို ငြင်းခုန်မာန်ဖီကြသော ဖြစ်ရပ်မျိုးက သိပ်တော့ မဆန်းလှပါ။

♥♥♥

(၂)

အစ ကတော့ သူတို့သုံးယောက် စလုံး ကြက်သားဟင်းသွားပို့ရန် ဖြစ်သော လည်း သလင်းဖြူနှင့် မိုးမိုးအပေါ် ပညာပြလိုသော တင်သိန်းကြောင့် သူနဲ့ဇော်ဝင်းသာ ကြက်သားဟင်းပို့ရန် တာဝန်ကို ယူလိုက်ရသည်။

‘ငါတို့က အရိုးမစားဘူးနော်။ ပေါင်နဲ့ရင်ပုံသားပဲ ထည့်ပေးရမယ်’

မိုးမိုးက ထိုသို့ ကြွေးကြော်ခဲ့သဖြင့် တင်သိန်းက ပြန်လည်ပညာပြလိုက်ခြင်း ဖြစ်သည်။

၎င်းပညာပြလိုက်ပုံ ကတော့ ပေါင်နှင့် ရင်ပုံသားကိုမကျက်ခင် ဆယ်ယူကာ မိုးမိုးတို့ထံ သွားပို့ ခိုင်းခြင်းပဲ ဖြစ်သည်။

‘ငါ ကျန်တဲ့အသားတွေ ကျက်အောင် ဆက်ချက်လိုက်ဦးမယ်။ နေညိုနဲ့ ဇော်ဝင်း မင်းတို့ အဲဒီ ဟင်းတွေ သူတို့ဆီသွားပို့ပေးလိုက် ’

‘မင်းဥစ္စာက ကျက်မှမကျသေးဘဲ’

‘အေးလေ၊ သူတို့က ကျက်အောင်ချက်ပေးရမယ်လို့မှ မပြောဘဲ၊ ပေါင်နဲ့ရင်ပုံသား ဖြစ်ရင် ပြီး တာပဲမဟုတ်လား’

တင်သိန်း၏ အစီအစဉ်ကို သဘောကျစွာ ဇော်ဝင်းက တခွီးခွီးထရယ်ပါသည်။

ဤသို့ဖြင့် သူနှင့် ဇော်ဝင်း စက်ဘီး တစ်ယောက် တစ်စီးနှင်းကာ ကြက်သားဟင်းထုတ်ကိုယ်စီ နှင့် ထွက်လာခဲ့ကြသည်။

‘ဒီလိုလုပ်ကွာ၊ ငါက မိုးမိုးဆီသွားပို့မယ်။ မင်းက သလင်းဖြူဆီသွားပို့၊ နှစ်ယောက် အတူတူ သွားနေရင် အရမ်းကြာလိမ့်မယ်။ တော် ကြာ တင်သိန်းက စိတ်မရှည်ဘဲ ဘီယာပုလင်းကို ဖောက် သောက်လို့ ငါတို့ ငုတ်နေဦးမယ်’

ဘီယာပုလင်းအတွက် နောက်ဆံတငင်ငင် ဖြစ်နေသော ဇော်ဝင်း၏ အကြံပေးမှုက ဒီနေရာမှာ တော့ ဆီလျော်သည်ဟု ဆိုရပါလိမ့်မည် ။

သလင်းဖြူနှင့် မိုးမိုးအိမ်က တောင်နှင့် မြောက် တစ်လမ်းစီ ဖြစ်၏ ။

ထို့ကြောင့် လူခွဲမ သွားပါက အချိန်အတော် ယူရပါလိမ့်မည် ။

မြို့ လည်နာရီစင်နားအရောက် သူနှင့် ဇော်ဝင်း တစ်ယောက် တစ်လမ်းစီ

လမ်းခွဲလိုက်ကြ၏ ။

သလင်းဖြူတို့နေထိုင်ရာရပ်ကွက်က လူနေကျဲကာ ခြံကျယ်ကြီးများ ဖြင့် စောစောစီးစီး အိပ်ရာ ဝင်သော ရပ်ကွက် ဖြစ်၏ ။

တကယ်တော့ သူမတို့ရပ်ကွက်သာမက သူတို့မြို့ သည်လည်း ည ၉ နာရီကျော်သည်နှင့် လူ အသွားအလာနည်းက ငိုက်မြည်း အိပ်ပျော်သွားတတ်သော မြို့ ကလေး ဖြစ်သည်။

ထို့ကြောင့် ည ဆယ့်တစ်နာရီဆိုသော အချိန်မှာ ဤမြို့ အတွက် အတော် ညဉ့်နက်သော အချိန် ဟု ဆိုရပါလိမ့်မည် ။

'ရှီး'

သူလက်ခေါက်မှု တ်လိုက်တော့ နှစ် ထပ်ပျဉ်ထောင်အိမ်ကြီး၏ အောက်ထပ်ညာဘက်ခန်းမှ ဖျတ်ကနဲမီးလင်းလာပါသည်။ သဘော ကတော့ အချက်ပေးသံကိုကြားကြောင်း သလင်းဖြူပြန်လည် တုံ့ပြန်လိုက်ခြင်း ဖြစ်သည်။

စက်ဘီးကို ဒေါက်ထောက်ကာ ခြံတံခါးဝနားသို့ သူလျှောက်လာခဲ့၏ ။

သလင်းဖြူထွက်လာပါက ကြက်သားဟင်းထုတ်အား လှမ်းပေးပြီး အမြန်ဆုံးပြန်နိုင်ရန် ကြိုတင်ပြင်ဆင်လိုက်ခြင်း ဖြစ်သည်။

ထိုအချိန်မှာ ပင် မျှော်လင့်မထားသော ကိစ္စတစ်ခု ဆိုးဝါးစွာ ဖြစ်ပွားခဲ့လေသည်။

ခြံစည်းရိုးစပ်မှော င်ရိပ်ထဲမှ အရိပ်မဲမဲတစ်ခုက သူ့ထံတရှိန်ထိုး တိုးဝင်လာ၏ ။

သူ၏ ညာဘက်ခြေသလုံး မျက်ခနဲ ဖြစ်ကာ နာကျင်သွားပြီးမှ စောစောကအရာမှာ ခွေးတစ် ကောင် ဖြစ်ကြောင်း နောက်ကျစွာ သိခွင့်ရခဲ့သည်။

အသံမပေးဘာမပေးနှင့် သူ့အားတိတ်တဆိတ် ဝင်ရောက်ကိုက်ခဲသွားသော ခွေးသည် တိတ်တ ဆိတ်ပင် ပြန်လည်ပြေးထွက်ပျောက်ကွယ်သွားခဲ့သည်။

ဂျင်းဘောင်းဘီရှည်ဝတ်ထားသည့်တိုင် ခွေး၏ အစွယ်က ထက်မြက်လှသည့်အပြင် ကိုက်ခဲပုံက ပိုင်နိုင်လွန်းလှသဖြင့် သူ၏ အသားတို့ ပေါက်ပြဲကာ ခြေသလုံးတစ်ခုလုံး သွေးတို့ဖြင့် ရဲရဲနီသွားလေ သည်။

'ညို့နင်ဘာ ဖြစ်လို့လဲ'

ခြေထောက်ကို ငုံ့ကြည့်နေသော သူ့အနားရောက်လာသော သလင်းဖြူက စိုးရိမ်တကြီး လှမ်း မေးသည်။

'ငါ့ကို ခွေးကိုက်သွားလို့'

'ဟယ် ဒါဆို ဟိုဘက်ခြံက ကျားမိုလ်ပဲ ဖြစ်ရမယ်။ အိုး သွေးတွေ ကလည်း မနည်းပါလား၊ နင် ဆေးလေးဘာလေးလိမ်းမှ ဖြစ်မယ်ညို၊ သွေးတိတ်အောင် တစ်ခုခုလုပ်ရမယ်၊ လာ ငါနဲ့လိုက်ခဲ့'

သလင်းဖြူက ဦးဆောင်ကာ အိမ်နောက်ဘက်မှ တိတ်တဆိတ်ဝင်ပြီး သူမ၏ အခန်းသို့ ရောက်ရှိလာခဲ့ကြသည်။

'နင် ခဏနေဦးနော်၊ ငါ ဆေးတွေ ဘာတွေ သွားယူလိုက်ဦးမယ်'

ဂျင်းဘောင်းဘီသာ မကယ်ပါက သူ၏ အသားတို့ ပဲ့ပါသွားနိုင်သော ဒဏ်ရာကြောင့် သူ စိတ်ပျက်လက်ပျက် ဖြစ်သွားမိသည်။

'ရော့ အရင်ဆုံး နင့်ဘောင်းဘီကို အဲဒီ လုံချည်နဲ့လဲလိုက်၊ ပြီးရင် ငါဆေးထည့်ပေးမယ်'

ပြန်လည်ရောက်ရှိလာသော သလင်းဖြူက သူ့ထံသို့ လုံချည်တစ်ထည်ပစ်ပေးရင်း လှမ်းပြော သည်။

သူ ဘာဘာညာညာပြန်မေးမနေတော့ဘဲ ၎င်း၏ အမိန့်အတိုင်းလုပ်ဆောင်လိုက်ပါသည်။

'ဆေးထည့်ရင် နည်းနည်း တော့ စပ်မယ်နော် ညို၊ အောင့်ခံ သိလား၊

အသံမထွက်စေနဲ့။ တော် ကြာ အပေါ်ထပ်က ဖေဖေတို့ နိုးသွားလို့ ရှင်းရခက်နေဦးမယ်'

'ငါ သိပါတယ်'

'ဒါဆို ငါ ဆေးထည့်တော့မယ်နော်'

'အေး'

'ကဲ ထည့်ပြီ'

'အား လား လား'

'ဟဲ့ အသံမထွက်ပါနဲ့ဆို'

'တိုးတိုးလေးပါဟ၊ နင့်ဆေးက စပ်လွန်းလို့ ယောင်ပြီးလွှတ်ခနဲ အော်မိသွားတာပါ။ ကဲ ဆက်ထည့်ဟာ၊ ဒီတစ်ခါ အသံမထွက်စေရဘူး'

စပ်လွန်းသော် လည်း သူ အသံမထွက်ဘဲ အောင့်ခံပါသည်။

ဆေးထည့်ပြီး သလင်းဖြူက သူ့ခြေသလုံးအား ပတ်တီးစည်းပေး၏ ။

'ဘောင်းဘီတော့ ပြန်လဲမနေနဲ့တော့။ အဲဒီ လုံချည်ပဲ ဝတ်သွား။ နင့်ဘောင်းဘီကို ငါလျှော် ထားလိုက်မယ်'

'ဒီလုံချည်က ဘယ်သူ့ဟာလဲ'

'ဖေဖေ့ဟာပါ။ ဒီမနက်ပဲ ငါလျှော်ပြီး မီးပူတိုက်ထားတာ။ လုံချည်တစ်ထည်ပျောက်တာ လောက်တော့ ဖေဖေ ချက်ချင်း မရိပ်မိနိုင်ပါဘူး။ ရိပ်မိသွားရင်လည်း နင့်ကိုသူခိုးလို့ မစွပ်စွဲစေရဘူး စိတ်ချ'

'နင်ဟာလေ ပြောလိုက်ရင် နမိတ်မရှိ မနာမရှိနဲ့။ နင့်ပါးစပ်က ကျက်သရေကိုမရှိဘူး။ ကဲ ငါ သွားတော့မယ်။ ဟိုနစ် ကောင် ငါ့ကိုမျှော်နေလောက်ပြီ'

ခွေးကိုက်ခံရသည့်ဒဏ်ရာက များ သော် လည်း သွေးပူနေသော ကြောင့် လားမသိ။ ထရပ်လိုက် သော အခါ သိပ်မနာသည့်အပြင် လမ်းလည်းကောင်းစွာ

လျှောက်နိုင်သဖြင့်

သလင်းဖြူတို့အိမ်နောက်ဖေးမှထွက်ကာ စက်ဘီးရှိရာသို့ လျှောက်လာခဲ့၏ ။

စက်ဘီးပေါ်သို့ တက်ပြီး နင်းထွက်ရန်ပြင်လိုက်ချိန်မှာ ပင် ပြဿ နာ စတင်လေသည်။

တခြားမဟုတ်။ သလင်းဖြူတို့ခြံထဲ၌ သစ်သားအိမ်ငယ်လေးဖြင့် သီးခြားနေထိုင်သော သလင်းဖြူ၏ ခပ်ဆိုးဆိုးဦးလေးနှစ် ယောက် က အိမ်ထဲမှထွက်လာပြီး 'သူခိုး'ဟုအော်ဟစ်လိုက်ခြင်းပဲ ဖြစ်သည်။

၎င်းတို့အော်သံကြောင့် သလင်းဖြူတို့အိမ်မကြီးအပါအဝင် တခြားအိမ်များ ကပါ မီးများ အလျှို လျှိုလင်းလာပြီး သူခိုးဗျို့သူခိုးဟူသော အသံတွေ ဆူညံ သွားပါသည်။

အခြေအနေက အလွယ်တကူဖြေရှင်း၍ ရမည့် ပုံစံမျိုးမဟုတ်သဖြင့် သူစက်ဘီးကို အရှိန်ဖြင့် နင်းထွက်လိုက်သည်။

ဒဏ်ရာနှင့် ခြေထောက်ကို အနည်းငယ်ညှာကာ ကောင်းသော ခြေထောက်ဖြင့် အားကုန်နင်း လိုက်ခြင်း ဖြစ်သည်။

ကံကောင်းချင်တော့ ကုန်းဆင်း ဖြစ်နေသဖြင့် သူ့စက်ဘီးက အရှိန်ရသွားပြီး နောက်မှလိုက်ရန် ကြံနေသူများ ကို နောက်ချန်ဖြတ်ထားခဲ့နိုင်ပါသည်။

ကံကြီးပေလို့သာပေါ့။

နို့မို့ဆို 'သူခိုး'ဟူသော အော်ဟစ်သံတစ်ခုကြောင့် သူ့တစ်ကိုယ်လုံး ကြေမွသွားနိုင်သည်။

ပြီးတော့ သလင်းဖြူ၏ ဦးလေးနှစ် ယောက် က စရိုက်ခပ်ကြမ်းကြမ်း။ ခပ်ဆိုးဆိုးလူမိုက်များ ဖြစ်၏ ။

၎င်းတို့လက်ထဲသာရောက် သွားပါက နေညိုအောင်ဟူသော သူ့အနေအထားက ပေါင်ဒါမှုန့်ထဲ ထည့်လို့ရလောက်အောင် အမှု န့် ဖြစ်သွားနိုင်၏ ။

တင်သိန်းတို့ထံ ပြန်ရောက်တော့ စက်ဘီးတအားနင်းလာရတာ မောလွန်းသဖြင့် ရေရောထား သော ဘီယာခွက်အား တစ်ကျိုက်ထဲ မော့ချပစ်လိုက်၏ ။

'နေညို့ရေး ကြီးသုတ်ပျာနဲ့ ဘာ ဖြစ်လာတာလဲ'

'နောက်မှ ရှင်းပြမယ်ကွာ၊ မောလွန်းလို့ နောက်တစ်ခွက်လောက်ထည့်စမ်းပါ'

'ဘီယာက လက်နှစ် လုံးလောက်ပဲ ကျန်တော့တာကွ'

'ဒါဆိုလည်း ဖန်ခွက်အပြည့် ဖြစ်သွားအောင် ရေရောလိုက်ကွာ'

ထိုညက ဘီယာတစ်လုံး ရေသုံးလုံးနှုန်းရောစပ်ကာ မူးယစ်ရီဝေသော နွေဦးညအ ဖြစ် သူတို့ ဖန်တီးခဲ့ကြလေသည်။

♥ ♥ ♥